ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၆) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | အရွယ်မရောက်သေးသောကလေးသူငယ်များကို လူမှုကွန်ရက်စာမျက်နှာများ အသုံးပြုခြင်းတားမြစ်သည့်ဥပဒေပြဋ္ဌာန်းရန် ဩစတြေးလျနိုင်ငံတွင် ဆောင်ရွက်နေခြင်း။ | ၄-၅ |
| ၃။ | ဥရောပသမဂ္ဂကောင်စီမှ Artificial Intelligence (AI) နှင့်စပ်လျဉ်းသည့် ပထမဆုံးနိုင်ငံတကာစာချုပ်ကို လက်မှတ်ရေးထိုးရန် စတင်ဆောင်ရွက်ခြင်း။ | ၆-၈ |
| ၄။ | ဥရောပသမဂ္ဂတရားရုံးသည် ယှဉ်ပြိုင်မှုဥပဒေစည်းမျဉ်းများကို ချိုးဖောက်သော နည်းပညာကုမ္ပဏီ Google အား ဒဏ်ကြေးငွေ ချမှတ်ခြင်း။ | ၉-၁၀ |
| ၅။ | WTO ၏အဖွဲ့ဝင် နိုင်ငံပေါင်း ၈၀ က e-commerce ညှိနှိုင်းမှုများတွင် ကနဦးသဘောတူညီမှုရရှိခြင်း။ | ၁၁-၁၃ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့် The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta’ang National Liberation Army (TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း အမိန့်ကြော်ငြာစာ၊ United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း အမိန့်ကြော်ငြာစာ၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီကထုတ်ပြန်သည့် အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေသတ်မှတ်ကြေညာခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီက ၉.၈.၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေသတ်မှတ်ကြေညာခြင်းအမိန့်ကြော်ငြာစာကိုထုတ်ပြန်ကြေညာခဲ့ပြီး ၉.၈.၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာကို လွှမ်းမိုးပယ်ဖျက်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀၊ပုဒ်မခွဲ(ဃ)နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်)နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ(တစ်ရက်)အတွက် ၄,၈၀၀ ကျပ်(လေးထောင့်ရှစ်ရာကျပ်)ကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီမှ ၁၄-၅-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်

၂/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုသို့အနည်းဆုံးအခကြေးငွေနှုန်း အလုပ်ချိန်(၈)နာရီတစ်ရက်အတွက် ကျပ် ၄,၈၀၀ သတ်မှတ်ခဲ့ခြင်းအပေါ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အပိုထောက်ပံ့ကြေး ၁,၀၀၀ ကျပ် (တစ်ထောင်ကျပ်တိတိ)ကို အလုပ်လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေအရ ၉-၁၀-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် ခံစားခွင့်ပြုပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့နောက် အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့်နေ့စားအလုပ်သမားများ၏ "လုပ်ခကို အလုပ်ချိန်တစ်နေ့(၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခကျပ် ၄,၈၀၀ အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ် ၁,၀၀၀ ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခကျပ် ၆,၈၀၀(ကျပ်ခြောက်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန်ဖြစ်ပါသည်"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၆-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၄ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် အလုပ်လုပ်သောရက်များနှင့် ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေအရခံစားခွင့်ရရှိကြောင်းနှင့် အလုပ်သမား ၁၀ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ **အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေ သတ်မှတ်ကြေညာခြင်း အမိန့်ကြော်ငြာစာ** တို့ကို MLIS Website တွင် ဝင်ရောက်လေ့လာ ဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## အရွယ်မရောက်သေးသောကလေးသူငယ်များကို လူမှုကွန်ရက်စာမျက်နှာများအသုံးပြုခြင်း တားမြစ်သည့်ဥပဒေပြဋ္ဌာန်းရန် ဩစတြေးလျနိုင်ငံတွင် ဆောင်ရွက်နေခြင်း

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံ (developed country) တစ်ခုဖြစ်သည့် ဩစတြေးလျနိုင်ငံတွင် Facebook၊ Instagram၊ TikTok၊ Snapchat၊ Discord စသည့်လူမှုကွန်ရက်စာမျက်နှာများကို အရွယ်မရောက်သေးသောကလေးသူငယ်များအသုံးပြုခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးတွင်ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခြင်းမှ အကာအကွယ်ပေးနိုင်ရန် အရွယ်မရောက်သေးသော ကလေးသူငယ်များကို လူမှုကွန်ရက်စာမျက်နှာများအသုံးပြုခြင်းကို တားမြစ်သည့်ဥပဒေပြဋ္ဌာန်းရန် ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် Anthony Albanese က အရွယ်မရောက်သေးသော ကလေးသူငယ်များသည် လူမှုကွန်ရက်စာမျက်နှာများကို စွဲလမ်းစွာအသုံးပြုခြင်းကြောင့် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာနှင့်လူမှုဆက်ဆံရေးတွင် ဆိုးရွားသောထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေကြောင်း၊ အဆိုပါစွဲလမ်းမှုသည့်အရက် သို့မဟုတ် ဆေးလိပ်စွဲလမ်းမှုကဲ့သို့ဖြစ်နေသောကြောင့် အစိုးရအနေဖြင့် လိုအပ်သောတားမြစ်မှုများကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများအသုံးပြုခွင့် ကန့်သတ်မည့်ကလေးသူငယ်များ၏အသက်ကို အတိအကျ မသတ်မှတ်ရသေးသော်လည်း အသက် ၁၄ နှစ်အောက် ကလေးသူငယ်များအထိ အကျုံးဝင်သက်ဆိုင်ရန် ဆောင်ရွက်နေကြောင်းနှင့် ယင်းဥပဒေကို ယခုနှစ်ကုန်ပိုင်းတွင် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေကြောင်းကို ၉-၉-၂၀၂၄ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ပြောဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

လူမှုကွန်ရက်စာမျက်နှာများတွင် လက်ရှိအသုံးပြုနေသည့်သုံးစွဲသူ၏ အသက်အရွယ်စိစစ်ခြင်း လုပ်ထုံးလုပ်နည်းမှာ အသုံးပြုသူ၏မွေးသက္ကရာဇ်ကိုဖြည့်သွင်းရခြင်းဖြစ်သောကြောင့် ယင်းမွေးသက္ကရာဇ်ကိုကလေးသူငယ်များက အတုပြုလုပ်ဖြည့်သွင်း၍ အသုံးပြုခြင်းဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အသုံးပြုသူ၏အသက်ကို အတည်ပြုရာတွင် အခြားသောအဖွဲ့အစည်း(Third Party)က စိစစ် အတည်ပြုခြင်း

ကိုဖြစ်စေ၊ မိဘအုပ်ထိန်းသူ၏ အတည်ပြုခြင်းကိုဖြစ်စေ၊ မျက်နှာကို biometrics စနစ်ဖြင့် scan လုပ်၍ အတည်ပြုခြင်းကိုဖြစ်စေ ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

References:

- https://www.gbnews.com/news/world/australia-ban-social-media-children-anthony-albanese
- https://www.smh.com.au/politics/federal/how-would-a-social-media-ban-actually-work-20240910-p5k99z.html

**ဥရောပသမဂ္ဂကောင်စီမှ Artificial Intelligence (AI) နှင့်စပ်လျဉ်းသည့် ပထမဆုံး နိုင်ငံတကာစာချုပ်ကို လက်မှတ်ရေးထိုးရန် စတင်ဆောင်ရွက်ခြင်း**

ဥရောပသမဂ္ဂကောင်စီမှ Artificial Intelligence (AI) နှင့်စပ်လျဉ်းသည့်ပထမဆုံးနိုင်ငံတကာ စာချုပ်ပေါ်ပေါက်လာရေးအတွက် ၅-၉-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းကို လစ်သိုရေးနီးယားနိုင်ငံ၊ Vilnius မြို့၌ ကျင်းပသည့်ညီလာခံတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤစာချုပ်သည် သမိုင်းဝင်စာချုပ်တစ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းနှင့် တရားဥပဒေ စိုးမိုးရေးတို့နှင့်လိုက်လျောညီထွေဖြစ်မည့် AI စနစ်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာစံနှုန်း အသစ်တစ်ရပ်ချမှတ်နိုင်ရန်ဖြစ်ပါသည်။

စာချုပ်၏အမည်မှာ “the Framework Convention on Artificial Intelligence and Human Rights, Democracy, and the Rule of Law” ဖြစ်ပါသည်။ အဆိုပါစာချုပ်ကို ဥရောပသမဂ္ဂ၊ ဗြိတိန်၊ အမေရိကန်၊ အစ္စရေး၊ အန်ဒိုယာ၊ ဂျော်ဂျီယာ၊ နော်ဝေ၊ မော်ဒိုဗာ၊ Iceland နှင့် San Marino တို့က ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ ဥရောပသမဂ္ဂကောင်စီ၏ဝန်ကြီးများကော်မတီက ၁၇-၅-၂၀၂၄ ရက်နေ့တွင် အတည်ပြုပါဝင်ခဲ့ပါသည်။ အဆိုပါစာချုပ်သည် AI စနစ်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ ဖန်တီးခြင်း၊ အသုံးပြုခြင်း၊ လုပ်ငန်းစနစ်ပြီးဆုံးခြင်းစသည့် စနစ်တစ်ရပ်လုံးကိုခြုံငုံမိသော ပြီးပြည့်စုံသည့် ဥပဒေမူဘောင်တစ်ရပ်ကို ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။

ယခုစာချုပ်သည် EU ၏ AI Act အပါအဝင် ပြည်တွင်းဥပဒေများနှင့်ညီညွတ်သည့် နိုင်ငံတကာ ဥပဒေမူဘောင်တစ်ရပ်လည်းဖြစ်ပါသည်။ စာချုပ်သည် အောက်ပါအခြေခံမူသဘောတရားများနှင့် ညီညွတ်မှုရှိကြောင်း ဖော်ပြထားပါသည် -

(က) လူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်း၊ တရားဥပဒေစိုးမိုးမှုများနှင့်ညီညွတ်သည့် လူသားအခြေပြု AI ကို အခြေခံခြင်း၊

(ခ) စိန်ခေါ်မှုအခက်အခဲများကိုသိရှိနားလည်ပြီး စီမံဆောင်ရွက်နိုင်မည့်နည်းလမ်းဖြစ်စေခြင်း၊

(ဂ) ပွင့်လင်းမြင်သာခြင်း၊ လုံခြုံခြင်း၊ အချက်အလက်စီမံခန့်ခွဲမှုကောင်းမွန်ခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ဖြင့် ယုံကြည်စိတ်ချရသော AI စနစ်ဖြစ်စေခြင်း၊

(ဃ) အချက်အလက်ဆိုင်ရာများတာဝန်ယူမှု၊ တာဝန်ခံမှုများ၊ နစ်နာမှုကုစားခြင်းများတွင် ပိုမို ခိုင်မာ အားကောင်းစေခြင်း၊

(င) ဥပဒေစည်းမျဉ်းများကို အခြေခံသောဘေးအန္တရာယ်ကင်းသည့် ဆန်းသစ်တီထွင်မှုများကို ပံ့ပိုးနိုင်ခြင်း၊

(စ) ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုအခက်အခဲများကို စီမံခန့်ခွဲမှု တာဝန်ရှိခြင်း၊

(ဆ) အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထားရန် တာဝန်ရှိခြင်း၊

(ဇ) AI ဆောင်ရွက်ချက်များကို ကြီးကြပ်သည့် ယန္တရားဖြစ်စေခြင်း။

အဆိုပါစာချုပ်သည် နိုင်ငံပေါင်း ၅ နိုင်ငံက လက်မှတ်ရေးထိုး၍ ဥရောပသမဂ္ဂကောင်စီအဖွဲ့ဝင်နိုင်ငံ အနည်းဆုံး ၃ နိုင်ငံက အတည်ပြုပါဝင်ပြီး ၃ လပြည့်သည့် အချိန်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်သည်။ စာချုပ်ပါပြဋ္ဌာန်းချက်များကို ညှိနှိုင်းဆွေးနွေးရာတွင် ဥရောပသမဂ္ဂနိုင်ငံများ၊ အမေရိကန်အပါအဝင် အခြားသောနိုင်ငံ ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များက ပါဝင် ဆွေးနွေးခဲ့ကြပြီး ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြပါသည်။

စာချုပ်ဝင်နိုင်ငံများအနေဖြင့် AI စနစ်နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် ဥပဒေဆိုင်ရာကုစားခွင့်များရရှိနိုင်ရန် နှင့် AI စနစ်အသုံးပြုရာတွင် အကာအကွယ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများချမှတ်ထားရန် လိုအပ်ပါသည်။ AI စနစ်သည် ဒီမိုကရေစီစနစ်၏မဏ္ဍိုင်များ၊ အာဏာခွဲဝေကျင့်သုံးရေး၊ လွတ်လပ်သောတရားစီရင်ရေး၊ တရားမျှတမှုလက်လှမ်းမီရေးတို့အပေါ်အဟန့်အတားမဖြစ်စေရေး စာချုပ်ဝင်နိုင်ငံများအနေဖြင့် ဆောင်ရွက်ရပါမည်။ စာချုပ်သည် အမျိုးသားလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်မသက်ဆိုင်သော်လည်း အဆိုပါဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဒီမိုကရေစီစံနှုန်းများနှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်း

ထားပါသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီ သို့မဟုတ် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် AI စနစ်ဆောင်ရွက်မှုများမှအပ အမျိုးသားလုံခြုံရေး၊ သုတေသနပြုမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်မသက်ဆိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/09/council-of-europe-opens-worlds-first-global-ai-treaty-for-signature/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၆) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်

## ဥရောပသမဂ္ဂတရားရုံးသည် ယှဉ်ပြိုင်မှုဥပဒေစည်းမျဉ်းများကို ချိုးဖောက်သော နည်းပညာကုမ္ပဏီ Google အား ဒဏ်ကြေးငွေ ချမှတ်ခြင်း

ဥရောပသမဂ္ဂ(EU)တွင် ကျင့်သုံးသည့် ယှဉ်ပြိုင်မှုဥပဒေ(Competation Law) နှင့်သက်ဆိုင်သည့် Article 102 of the Treaty on the Functioning of the European Union (TFEU) ကို အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Google က ချိုးဖောက်သဖြင့် ဒဏ်ကြေးငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံပေးဆောင်ရန် ချမှတ်ထားသည့်အမိန့်ကို ဥရောပသမဂ္ဂ၏အမြင့်ဆုံးတရားရုံး Court of Justice of the European Union က အတည်ပြုပြီး ၁၀-၉-၂၀၂၄ ရက်နေ့တွင် ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

Google search engine ကို အသုံးပြုသူများသည် ၎င်းတို့အလိုရှိသည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုရှာဖွေရာတွင် Google ကုမ္ပဏီအနေဖြင့်၎င်း၏ Google Shopping ပါ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထိပ်ဆုံးတွင် ဦးစားပေးဖော်ပြခြင်း(self-preferencing) နည်းပညာအသုံးပြု၍ ဈေးကွက်ကိုလက်ဝါးကြီးအုပ်ကာ အခြားသောလုပ်ငန်းရှင်များအပေါ် မတရားသောနည်းဖြင့်ယှဉ်ပြိုင်ခြင်းကြောင့် တရားစွဲဆိုသည့်အမှုဖြစ်ကြောင်း တွေ့ရှိရပါသည်။

သက်ဆိုင်ရာဈေးကွက်အတွင်းရှိ ယှဉ်ပြိုင်ရောင်းချနေသူများ သို့မဟုတ် ယှဉ်ပြိုင်ရောင်းချရန်အလားအလာရှိနေသူများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ဖယ်ထုတ်ရန် ဆောင်ရွက်ခြင်း၊ သုံးစွဲသူများအလေးပေးရွေးချယ်သုံးစွဲမှုဖြစ်စေရန် ထုတ်ကုန် သို့မဟုတ် ဈေးကွက်နှင့် နည်းပညာဆိုင်ရာကန့်သတ်ခြင်း၊ အခြားသောပြိုင်ဖက်လုပ်ငန်းရှင်များနှင့် မတူညီသည့်နည်းလမ်းများကိုအသုံးပြု၍ ၎င်းပြိုင်ဖက်များ၏ ယှဉ်ပြိုင်မှုအခွင့်မရှိစေရန် ဆောင်ရွက်ခြင်း၊ သုံးစွဲသူများ ဝယ်ယူလိုက်သည့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအပြင် အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ထပ်မံဝယ်ယူရန် အတင်းအကျပ်ပြုလုပ်ခြင်းတို့ကိုမပြုလုပ်ရန် Article 102 of

the Treaty on the Functioning of the European Union (TFEU) တွင် တားမြစ်ထားကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

References:

- https://eur-lex.europa.eu/legal-content/EN/TXT/HTML/?uri=CELEX%3A12008E 102
- https://searchengineland.com/eu-top-court-upholds-fine-google-446410

## WTO ၏အဖွဲ့ဝင် နိုင်ငံပေါင်း ၈၀ က e-commerce ညှိနှိုင်းမှုများတွင် ကနဦး သဘောတူညီမှုရရှိခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အဖွဲ့ဝင်နိုင်ငံ ၈၀ သည် ကမ္ဘာလုံးဆိုင်ရာနယ်စပ်ဖြတ်ကျော် e-commerce လုပ်ငန်းများအတွက် ကောင်းမွန်သည့်ရလဒ်ရရှိရန် ၅ နှစ်ကြာ ဆွေးနွေးညှိနှိုင်းပြီးနောက် အဖွဲ့ဝင်များသဘောတူညီထားသော လမ်းညွှန်ချက်မူကြမ်းနှင့် e-commerce ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကမ္ဘာလုံးဆိုင်ရာစည်းမျဉ်းများကို သဘောတူညီခဲ့ကြပါသည်။ အမေရိကန်အပါအဝင် အချို့သောနိုင်ငံများသည် ပါဝင်ဆောင်ရွက်ခြင်းမရှိသေးပါ။

ကနဦးအနေဖြင့် ၂၆-၇-၂၀၂၄ရက်နေ့တွင် နိုင်ငံများအကြား ကုန်စည်နှင့်ဝန်ဆောင်မှုစီးဆင်းမှုကို လွယ်ကူချောမွေ့စေရန် စံနှုန်းများသတ်မှတ်ရန်၊ စံချိန်စံညွှန်းတည်ထောင်ရန်နှင့် အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရန် သတ်မှတ်ခဲ့ကြသည်။ စီးပွားရေးဆောင်ရွက်ရာတွင် ဘက်လိုက်မှုများကို လျှော့ချရန် မကြာသေးမီနှစ်များအတွင်း ဆွေးနွေးနိုင်ခဲ့ကြပါသည်။

WTO အဖွဲ့ဝင်နိုင်ငံများသည် 1996 UNCITRAL Model Law on Electronic Commerce ၏ အခြေခံသဘောတရားနှင့်ညီညွတ်သည့်ဥပဒေမူဘောင်ဖြစ်ရန် သဘောတူညီခဲ့ကြသည်။ နိုင်ငံတကာကုန်သွယ်မှုကိုထိရောက်စွာမြှင့်တင်ရန် အီလက်ထရောနစ်သတင်းအချက်အလက်နှင့်စာရွက်စာတမ်းအချက်အလက်တို့အကြား တူညီစွာလက်ခံဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

သဘောတူညီချက်မူကြမ်းအရ နိုင်ငံများသည် အီလက်ထရောနစ်နည်းဖြင့်ချုပ်ဆိုသည့် စာချုပ်များကို စာရွက်စာတမ်းဖြင့်ချုပ်ဆိုသည့်စာချုပ်များကဲ့သို့ ဥပဒေအရအကျိုးသက်ရောက်ရန်၊ တရားဝင်မှုရှိရန်၊ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အသိအမှတ်ပြုရန် သဘောတူညီခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများသည် e-commerce စည်းမျဉ်းများ စဉ်ဆက်မပြတ်တိုးမြှင့်ရန် မလိုလားအပ်သောအတားအဆီးများကို ရှောင်ရှားရန် ကတိပြုခဲ့ကြသည်။

၎င်းသဘောတူညီချက်သည် နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်ရာတွင် စာရွက်စာတမ်းများနှင့် ဆောင်ရွက်ရာမှ အီလက်ထရောနစ်အချက်အလက်များကို အခြေခံပြီး ကုန်သွယ်မှုပြုလုပ်သည့် နည်းစနစ်ဖြင့် အစားထိုးမြှင့်တင်ဆောင်ရွက်ရန်ဖြစ်သည်။ သဘောတူညီချက်တွင် နိုင်ငံခြားကုန်သွယ်မှုအတွက် အီလက်ထရောနစ်ပလက်ဖောင်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို တစ်ခုတည်းသောပြတင်းပေါက်ဟု ခေါ်ဆိုနိုင်ပြီး ကုန်ပစ္စည်းများ သက်ဆိုင်ရာနိုင်ငံများအတွင်းသို့ မရောက်ရှိမီ စာရွက်စာတမ်းများ တင်ပြခွင့်ပြုရန်၊ အချက်အလက်များ၏အကာအကွယ်နှင့် လျှို့ဝှက်ထားမှုကို အာမခံချက်ပေးရန်တို့အတွက်ဖြစ်ပါသည်။

အီလက်ထရောနစ်ငွေပေးချေမှုတွင်လည်း နိုင်ငံတကာစံနှုန်းများအပေါ်တွင်အခြေခံ၍ လုံခြုံစိတ်ချရသော ငွေပေးချေမှုစနစ်ဖြစ်ပေါ်စေရေးအတွက် WTO အဖွဲ့ဝင်နိုင်ငံများသည် ဘုံသဘောတူညီချက်ရရှိရန် ကြိုးပမ်းလျက်ရှိပါသည်။

e-commerce စနစ် တွင်ကျယ်လာလျှင် စားသုံးသူတို့အတွက် တရားမဝင်မှုနှင့် လိမ်လည်မှု စသည့်အန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ထိုသို့မဖြစ်ပေါ်စေရန် နိုင်ငံများသည် စားသုံးသူများ အပေါ် တရားမျှတမှုရှိစေရန်နှင့် e-commerce စနစ်သည် အခြားကုန်သွယ်မှုပုံစံများကဲ့သို့ ညီညွတ်မှု ရှိစေရန် နိုင်ငံများက ကတိကဝတ်ပြုကြပါသည်။

ထို့ပြင် သဘောတူညီချက်သည် နယ်စပ်ဖြတ်ကျော်အရောင်းအဝယ်ပြုလုပ်ရာတွင် စားသုံးသူများအတွက် ကုစားခွင့်ပေးသည့်နည်းလမ်းကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကိုထိရောက်စွာကာကွယ်ရန် နိုင်ငံများကိုတွန်းအားပေးဆောင်ရွက်မည်ဖြစ်ပြီး ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

WTO အဖွဲ့ဝင်များသည် အများ၏သဘောတူညီမှုရယူပြီး သဘောတူညီချက်၏အကြောင်းအရာနှင့်နယ်ပယ်များကို မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ WTO ၏ကုန်သွယ်မှုနယ်ပယ်တွင် အဓိကပါဝင်သည့်နိုင်ငံများဖြစ်သော ဘရာဇီး၊ အမေရိကန်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှားနှင့်တူရကီနိုင်ငံတို့မှ

လွဲ၍ ကျန်အဖွဲ့ဝင်နိုင်ငံများက WTO မှ သဘောတူညီချက်မူကြမ်းကို အများပြည်သူသို့ ထုတ်ပြန်ခဲ့ပါသည်။

e-commerce စတင်ဆောင်ရွက်မှုသည် အပြီးသတ်အဆင့်သို့ မရောက်ရှိသေးသော်လည်း digital commerce အတွက် နိုင်ငံတကာစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://natlawreview.com/article/80-wto-members-reach-initial-agreement-e-commerce-negotiations

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

